K.N.D.F

# တိုက်ပွဲသတင်းထုတ်ပြန်ကြေညာချက်

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့။

လွိုင်လင်လေးမြို့နယ်၊ ဒေါတဟေးကျေးရွာအနီး ယနေ့ညနေပိုင်း (၅) နာရီခန့်တွင် အကြမ်းဖက်စစ်ကောင်စီများနှင့် ကရင်နီတပ်မတော် (KA) ၊KNDF ပူးပေါင်းတပ်တို့အကြား နှစ်ဖက်ထိတွေ့တိုက်ပွဲများထပ်မံဖြစ်ပွားခဲ့ပါသည်။ ဩဂုတ်လ (၂၈) ရက် မနေ့က တိုက်ပွဲဖြစ်ပွားသည့် နေရာအနီးတွင် နှစ်ဖက်ထိတွေ့တိုက်ပွဲ ( ၄၅) မိနစ်ခန့် ဖြစ်ပွားခဲ့ခြင်းဖြစ်ပါသည်။

တိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်ဘက်မှ ကျဆုံးမှုများရှိခဲ့သော်လည်း အရေအတွက်ကို အတည်ပြု၍မရသေးပါ။ ထို့အပြင် အကြမ်းဖက်စစ်ကောင်စီတပ်များထံမှ လက်နက်ငယ် (၃) လက်၊ ကျည်ဆံနှင့် အသုံးအဆောင်ပစ္စည်းအချို့ကိုလည်း ထပ်မံသိမ်းဆည်းရမိခဲ့ပါသည်။

အကြမ်းဖက်စစ်ကောင်စီတပ်များသည် လွိုင်လင်လေးနှင့် အနီးတဝိုက်တွင် ထိုးစစ်ဆင်မှုများ ပြုလုပ်နေသော်လည်း အကြမ်းဖက်စစ်ကောင်စီတပ်များ၏ အောက်ခြေတပ်သားများသည် တိုက်ပွဲအတွင်း ကြောက်လန့်ပြီး လက်နက်ပစ်ချစွန့်ခွာ ထွက်ပြေးမှုများရှိခဲ့ပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးအဖွဲ့